


# အနုဝင်္ကပါ

သဓု

ဤစာစုများ သည် ၁၉၈၄ ခု၊ စက်တင်ဘာလမှ စ၍ ချယ်ရီမဂ္ဂဇင်း၌ ရေးသားခဲ့သော ဆရာသာစု၏ ကိုယ်တွေ့ဆောင်းပါးများ ဖြစ်ပါသည် ။ အနုပညာလောက အကြောင်းကို ဆရာသာစု ၏ ဟန်အတိုင်း ဒိုးဒိုးဒေါက်ဒေါက်၊ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား ရေးသားထားသဖြင့် ရသမြောက်စွာ ဖတ်ရှုကြရပါလိမ့်မည်။

ဤဆောင်းပါးများ ရေးသားဖြစ်အောင် တိုက်တွန်းတောင်းဆိုခဲ့သော ချယ်ရီမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဆရာအောင်ပြည့်နှင့် စာပေစိတ်အပြည့်ဖြင့် ထည့်သွင်းဖော်ပြခွင့်ပြုခဲ့သော အယ်ဒီတာချုပ် ဆရာမြတ်ထန်တို့ ကို အထူးကျေးဇူးတင်ရှိပါသည် ။

**စီစဉ်သူ**

******

# အမှာ လိုလို ဘာလိုလို
# တစ်ထွာတစ်ညှို့ စာတိုလေး

မောင်ဝဏ္ဏ၏ 'ပန်းတွေနဲ့ ဝေ' ဝတ္ထု၊ သုမောင်၏ 'ချစ်-ချစ်-ချစ် တစ်-နှစ်-သုံး'ဝတ္ထု၊ မင်းလူနှင့် သူ့သူငယ်ချင်းများ ဖြစ်သော ကိုမိုး၊ မြင့်ကောင်း၊ မောင်မောင်စနေ၊ သားကြီးမောင်ဇေယျ တို့ ရေးသည့် 'မိုးထဲက နှင်းဆီ'ဝတ္ထုများ တွင် ကျွန်တော်သူတို့ ပြောအပြီးမှာ ပင် 'အင်း...ရေးမယ်' ဟု ဆိုကာ လိုလိုချင်ချင် ရေးပေးလိုက်သည် သာ ဖြစ်၏။ ပေါ့ပါးသွက်လက်စွာ ရေးလိုက်သည် သာ ဖြစ်ပါ၏။

ယခု-

ဆရာကြီး ဦးသာနု၏ 'အနုဝင်္က်ပါ'စာအုပ်အတွက် အမှာ စာ ရေးပေးပါဟု ထုတ်ဝေသူ ကိုတင်မောင်ကြည်က မင်းလူကိုပါ အဖော်ခေါ်လာပြီး ကျွန်တော့်ကို တာဝန်ပေးလာသောအခါ ...

ကျွန်တော်တွန့်သွားရသည် ။ ကြားရရုံဖြင့်ပင် လက်ရွံ့သွားသည် ။ သို့သော် ဆရာ့စာအုပ်ဖြစ်၍ အခွင့်အရေးပေးလာချိန်မှာ ရေးကလည်း ရေးချင်ချင်၊ 'အနုဝင်္က်ပါ'ဖြစ်၍ လည်း ပြောစရာ ရေးစရာ တွေက ကျွန်တော့်ဆီမှာ တစ်ပုံတစ်ပင်။

"စဉ်းစားမနေနဲ့ ဆရာပြည့်၊ ဆရာပြည့် ရေးကို ရေးသင့်တယ်။ ဘာဖြစ်လို့ ဆို 'အနုဝင်္က်ပါ' ဆောင်းပါးတွေအားလုံးက ဆရာပြည့်ရဲ့ 'ချ

ယ်ရီ’ မဂ္ဂဇင်းမှာ ရေးခဲ့တာတွေလေ၊ ပြီးတော့ သည် ဆောင်းပါးတွေ ရေးဖြစ်လာတာကလဲ ဆရာပြည့်နဲ့ ပတ်သက်ပြီး…

"ဟုတ်ပါပြီ၊ ငါစဉ်းစားနေတာက မရေးဘူးလို့ ငြင်းဖို့ စဉ်းစားနေတာ မဟုတ်ပါဘူး။ ဆရာကြီး ဦးသာခုရဲ့ စာတွေရှေ့မှာ ငါ့ရဲ့ အမှာ လိုလို ဘာလိုလိုစာတွေက ကိုးလိုးကန့်လန့်ဖြစ်နေမယ် ဆိုရင် အားလုံး မကောင်းဘူးလေကွာ။ မဆီလျော်တာမျိုး။ အမြင်ခံရရင် ပိုဆိုးတာပေါ့။ အဲသလိုမျိုးများ ဖြစ်သွားလို့ ဆရာသာရှိရင် ကလော်တုတ်ပြီး ဖနောင့်နဲ့ ထပေါက်မှာ ။ အနီးအနားမှာ မရှိရင် လဲ ဖတ်ပြီးတာနဲ့ ‘ဒါ…အောင်ပြည့် ရေးတာလား၊ အဲဒီ သေနာကောင် ခွေးသူတောင်းစားကို ဖုန်းဆက်ပြီး ခေါ်လိုက်စမ်းဆိုတဲ့ အသံနက်နက်ကြီးကို ကြားယောင်မိသေးတော့ကွာ …"

"အဲဒီလို ဖြစ်လိမ့်မယ် …လို့ ဆရာပြည့်က စိုးရိမ်တယ်မဟုတ်လား"

ငြိမ်နားထောင်နေသော မင်းလူက စကားဝင်ထောက်သည် ။

"ဒါပေါ့ကွ"

ကျွန်တော်ကလည်း ရင်ထဲရှိစွဲကို ဖြေလိုက်သည် ။

"မှားသွားပြီ"

မင်းလူက ပြောပြီး သူ့အမူအရာ မထုံတက်သေးဖြင့် မေးစေ့လေး ပွတ်ကာ ခေါင်း တညိတ်ညိတ် လုပ်နေ၏။

"မင်းကလဲ သိရဲ့ သားနဲ့ "

ကျွန်တော်က အားမလိုအားမရ ဖြစ်ရာက ပြန်ပြောရ၏။

"သိလို့ ပြောတာပေါ့၊ ဆရာပြည့် မှားသွားပြီ၊ ဆရာပြည့်ရဲ့ အမှာ စာ

ကို ဖေဖေဖတ်ဖြစ်ရင် အဲသလို ပြောမှာ မဟုတ်ဘူး "

"ဒီ့ထက် ပိုဆိုးမှာ လို့ မင်းပြောမလို့ မဟုတ်လား"

"ဟာ...မဟုတ်တာ"

သည် တစ်ခါတော့ မင်းလူက ခါးကို မတ်လိုက်ပြီး ပြောပြောဆိုဆို ခေါင်းယမ်းခါသည် ။ မျက်နှာကတော့ ရှုတည်တည်။

"ဒါဖြင့် ပြောပါဦး မင်းရဲ့ ထင်ကြေး"

"အောင်မယ် ... ခွေးကောင် သေခြင်းဆိုးလေး ... လို့ တော့ ဆိုချင် ဆိုမယ်။ ပြီးတာနဲ့ ပြုံးပြုံးကြီး လုပ်ပြီး သားကြီးအောင်ပြည့်ကို ခုချက်ချင်းလာလို့ ဖုန်းဆက်ပြီး ခေါ်လိုက်စမ်းဆိုပြီး တစ်ယောက်ယောက်ကို ခိုင်းတော့မှာ "

ကျွန်တော်နားထောင်ရုံ နားထောင်ပြီး ငြိမ်နေလိုက်မိသည် ။ ဆရာဦးသာစုသည် ကျွန်တော့်ကို လိုလိုလားလားရှိချိန်၊ စကားပြေပြေ ပြောလိုချိန်မျိုး၌ သားကြီးဟု လည်းကောင်း၊ သားကြီးအောင်ပြည့်ဟု လည်းကောင်း၊ ရင်းရင်းနှီးနှီး စေးစေးပိုင်ပိုင်ခေါ်တတ်ပါသည် ။

ကျွန်တော့်အပေါ် မကျေနပ်သောအခါ ကျီစယ်လိုသောအခါ၊ ချစ်ဒေါသနှင့် ဆဲဆို ရှင်းပြ လိုသောအခါတို့ ၌ 'သေခြင်းဆိုး' တွေရော၊ 'သေနာကောင်' တွေရော၊ 'ခွေးသူတောင်းစား' တွေရော၊ 'မသာလေး' ရော အခေါ်အဝေါ်တွေ ပြောင်းသွားကာ ဝိသေသနအသစ်တွေ ထည့်ခေါ်၊ ထည့်ရေး လုပ်လေ့ရှိသည် ။

ယင်းကို အကြောင်းသိဖြစ်သော မင်းလူက ကျွန်တော့်ကို မြှူဆွယ်၍ ဆွပေးနေခြင်း ဖြစ်ကြောင်း ကျွန်တော်နားလည်လိုက်ပါသည် ။

မည်သို့ရှိစေ...

သူတို့ နှစ်ယောက်၊ အရိုးစစ်၊ အတည်မျိုးတွေပြောနေလေရကား ဆရာအသက်ရှိနေဆဲဟု မှတ်စွဲရင်းဆရာ့ကို ကန်တော့ကာ ဤအမှာ လိုလိုဘာလိုလိုစာတိုကို ဝံ့ဝံ့ရဲရဲပင် ရေးဖို့ ဆုံးဖြတ်လိုက် မိပါသည် ။

အမှတ်(၁)ကို ၁၉၈၄ ခု၊ ဩဂုတ်လမှာ စတင်ထုတ်ဝေပါသည် ။ ပိုင်ရှင် အယ်ဒီတာချုပ် ဗိုလ်မှူးကြီးဟောင်းတင်မောင် (ဆရာမြတ်ထန်)က တာဝန်ပေးသောကြောင့် ကျွန်တော်သည် မဂ္ဂဇင်းမထွက်မီ နှစ်လခန့်အလို ၁၉၈၄ ဇွန်လမှ စ၍ တာဝန်ခံအယ်ဒီတာအဖြစ် အားထုတ်စိုင်းပြင်းရပါသည် ။ နေ့မအား ညမအား အလုပ်လုပ်ရပါသည် ။ ကိုယ်စွမ်းဉာဏ်စွမ်း စွမ်းသမျှ ကြိုးပမ်းရ ပါသည် ။ ဆရာကြီး၊ ဆရာလတ်၊ ဆရာငယ်ပုဂ္ဂိုလ်စုံထံ ဩဝါဒခံရန် ခိုလှုံရပါ သည် ။ ဆရာကြီး ဦးသာဓုထံသို့ကား ချောင်းပေါက်လုမျှပင်။

ကဏ္ဍများ စွာ စီမံဖန်တီးနေစဉ်အတွင်း ပထမသော် ဆရာကြီးအချို့ထံမှ ဝတ္ထုရေးနည်း အတွက် လမ်းညွှန်ချက်မျိုး သက်ဝင်သော ဝတ္ထုမျိုးများ တောင်းပါသည် ။ ဆရာကြီးများကလည်း ဝတ္ထုဆိုင်ရာအယူအဆသဘောထားနှင့် တကွ ဝတ္ထုတိုတစ်ပုဒ်ကျစီ ရေးပေးပါသည် ။ ဆရာကြီး ဦးသာဓုကလည်း 'အရှင်ကြီး'ဟူသော ဝတ္ထုတိုနှင့် တကွ ထိုဝတ္ထုတိုလေး ရေးရန် ဖန်လာပုံမှ အစ တွေးပုံ၊ အကွက်ဆင်ပုံ၊ အချိတ်အဆက်လုပ်ပုံ၊ ဖန်တီးပုံများကို ရှင်းချက်များ နှင့် တကွ 'ဝတ္ထုရေး နည်းဝတ္ထု'တိုတစ်ပုဒ်အဖြစ်ကြွရွ ပုံပေါ်လာအောင် အဆန်းတကြယ် ရေးပေးပါသည် ။

သို့သော် နောက်လ နောက်လများ အတွက် ဆရာ့ထံမှ ဝတ္ထုတောင်းရန် အကျပ်တွေ့လာပါ တော့သည် ။ လစဉ် ဝတ္ထုရနိုင်ရန် အခြေအနေမပေးသောကြောင့် ဆောင်းပါးတစ်ပုဒ် ပုံမှန်ရနိုင်ရန် ကျွန်တော်ကြံစည်စိ

တ်ကူးရပါတော့သည် ။ ဤမှာ ပင် 'အနုဝက်ပါ'၏ ဇာတ်လမ်းလည်း စပါ တော့၏။

"အောင်ပြည့်ကြောင့် သာခုတွင် ပြဿနာတစ်ရပ်နှင့် လက်ထပ်ရသလို ဖြစ်နေချေပြီ။

အကြောင်းသည် ကား...

သူ(အောင်ပြည့်)တာဝန်ယူထားရသော ချယ်ရီမဂ္ဂဇင်းအတွက် ပွဲဦးထွက်အနေဖြင့် သာခုရေး နည်းဟူသော 'အရှင်ကြီး' ဝတ္ထု ရေးပေးလိုက်အပြီး နောက်တစ်လတွင် ဝတ္ထုမရေးနိုင်ဖြစ်နေချိန်..

"ဆရာ ဝတ္ထုမရေးနိုင်လဲ တစ်မျက်နှာ - နှစ်မျက်နှာစာလောက်ဖြစ်ဖြစ် ဆောင်းပါးလေး တော့ ရေးပေးပါဆရာ၊ ဘာအကြောင်းပဲဖြစ်ဖြစ်ပေါ့"

သာခု စဉ်းစား၏။ အဘယ်မည်သော အကြောင်းအရာကို ရေးလျှင်ကောင်းမည်နည်း။

စီးကရက် သုံးလေးဖွာမျှ အကြာတွင် ကောက်ကာငင်ကာ...

"ရုပ်ရှင်အကြောင်းကော ဆရာ"

သာခုအဖို့ လွယ်နေသောအကြောင်းအရာဖြစ်၍ ...

"အေး...ကောင်းသားပဲ"

"နာမည် ခေါင်းစီး ဘယ်လိုတပ်မလဲဆရာ၊ ကျွန်တော်ပန်းချီအပ်လိုက်တော့မယ်"

"မင်းဟာကလဲ လောလှချေလားကွ"

"မလောလို့ မရဘူးဆရာ၊ ဆရာလဲ မဂ္ဂဇင်းထုတ်ခဲ့ဖူးတာ၊ ဆရာသိ

သားနဲ့ ၊ ညြ...ဆရာ ... ‘အနုပညာဝက်ပါမှာ ’ဆိုရင်ကော..."

သာခုကို ဗိုလ်ခန့်ပြီး သူကချည်း ရှေ့မှ ချီတက်နေသဖြင့် ...

"နေဦးကွာ၊ ဆရာ စဉ်းစားဦးမယ်..."

သူ ဆေးလိပ် တစ်လိပ်ထုတ်သည် ။ သာခုက စီးကရက်ပေးသည် ကို မယူ၊ သနပ်ဖက်ကိုသာ သူနှစ်သက်ပုံရသည် ။

"ဟော့ ... ဒီလိုလုပ်ကွာ၊ (ပညာ)တို့ ၊ (မှာ )တို့ ဖြုတ်လိုက်၊ (အနုဝက်ပါ)ပေ့ါ။ ဒါတောင် ဆရာ့ အာဘော်၊ ဆရာ့အရေးအသားနဲ့ ၊ ပျော့သလိုလိုပဲ..."

"ဒီအတိုင်း ကောင်းပါတယ်ဆရာ"

"အေးလေ...ထားပေ့ါ"

သို့နှင့် အနုဝက်ပါကို စ ရေးလိုက်မိရာမှ လစဉ်လိုလို အပူကပ်လေတော့၏။ အမှန်အားဖြင့် အနုဝက်ပါကို လစဉ်ပင်တိုင်ရေးရန် လုံးဝစိတ်မကူးခဲ့။ ရေးချင်ချင်ရှိလာက၊ ရေးမည်။ စိတ်မပါသော် မရေး။

ထိုအတိုင်း၊ သဘောထားခဲ့သော်လည်း နောက်ပိုင်းတွင် မူ အောင်ပြည့်တို့ နားပူနားဆာ လုပ်ကြသည် ထက်၊ သာခု၏ စာရှုပရိသတ်တို့ က စာအားဖြင့်လည်းကောင်း၊ ဖုန်းဆက်၍ တစ်သွယ်၊ အသံကျယ်ကျယ် တောင်းဆိုလာကြသည် ကို လေးစားသောအားဖြင့် ...မရေးဘဲ မနေသာသည့် ပြဿနာတစ်ရပ်ဖြင့် လက်ထပ်လိုက်ရဘိသို့ ...

လဆန်း (၁)ရက်၊ (၂)ရက်လောက်ဆိုလျှင် ထွက်ပြီးစာအုပ်နှင့် စာမူခ ပို့ရင်း နောက်လ အတွက် ဆောင်းပါးတောင်းတော့၏။

...ဟူ၍ ၁၉၈၄ ဒီဇင်ဘာလ ချယ်ရီမဂ္ဂဇင်းတွင် ဆရာဦးသာခုရေးသ

ကဲ့သို့ 'အနုဝင်္ကပါ' ဆောင်းပါးများကို လစဉ်မပြတ် ဆက်ကာဆက်ကာ ဖော်ပြနိုင်လာခဲ့ပါသည်။

အနုဝင်္ကပါ၌ အနုပညာရေးရာ စိတ်ဝင်စားဖွယ်ရာ အကြောင်းရပ်များ အပြင် အနုပညာ လောကသား အားလုံးအတွက် များ စွာအကျိုးပြုသော သတိပြုစရာ၊ ဆင်ခြင်စရာများ ပါ ဖတ်လာရ ပါသည်။ အနုပညာဝါသနာကြီးသော လူငယ်လူရွယ်များ အတွက်လည်း ဆောင်ရန်ရှောင်ရန် လမ်းညွှန်ချက်များ ထုတ်ယူရရှိနိုင်လာပါသည်။

ထို့ထက်ကား…

အနုပညာလောကမှ အယုတ္တမာများ ၏ ကောက်ကျစ်ယုတ်မာရိုင်းပျ ပက်စက်သော လူမဆန်သည့် အပြုအမူများကို ပယ်ပယ်နယ်နယ်၊ ရှင်း ရှင်းပြတ်ပြတ်၊ ပီပီပြင်ပြင်၊ ဖွင့်ချဖော်ထုတ် ပေး၍ ဖတ်ရသူတိုင်း ကျေး ဇူးတင်စရာဖြစ်လာခဲ့ပါသည် ။ ပတ်သက်ဆက်စပ်လာ၍ ကိုးကားရှင်းပြ ရာတွင် ဆောင်းပါးတိုင်းသည် ပြောင်မြောက်ရှင်းလင်းပြတ်သားသော အရေးအသားများကြောင့် စူးရှ ထက်မြက်လှပါသည်။ တိုက်ရိုက် တဲ့ တိုး၊ အကျိုးရှိရှိ၊ ချက်သိ၊ ကွက်တိ ၊ ဒက်ထိဖွင့်ဆိုချက်များ ချည်းသာဖြစ်သည်။

ထို့ပြင် …

စာအရေးအသား အမှား၊ စားစကား အထားအသို အမှား၊ စကားသုံး နှုန်းပုံအမှား၊ စာစီကုံး ရေးထုံးအမှား၊ မြန်မာသဒ္ဒါအသုံးအနှုန်းအမှား၊ အယူအဆအမှား များကိုလည်း စာပေဝါသနာရှင် များ ၊ ပညာသင်များ ၊ စာပေပညာဖြင့် လုပ်ကိုင်စားသူများ ပါ သတိပြုစရာ ဖတ်မှတ်လေ့လာ နိုင်ပါ သည် ။ ဆရာက နားလည်လွယ်စိမ့်သောဗှာ ဆွေးနွေးရေးပြောခဲ့ခြင်းများ ဖြင့် အနုဝင်္ကပါကို ဘက်စုံစေခဲ့ပါသည်။

အနုဝဏ်ပါဆောင်းပါးအားလုံးလိုလိုမှာ ကား သွက်လက်သော အရေးအသား ထက်မြက်သော သုံးသပ်ချက်များ ဖြင့် စူးစူးရဲရဲ ထဲထဲဝင်ဝင်၊ ကြည်လင် ပီပြင်စွာ ဖွင့်ဆိုရှင်းပြခြင်းများ ဖြစ်သည် ။ အနုပညာလောကရှိ ကတုံးပေါ် ထိပ်ကွက်သူများ ၊ သူတစ်ပါး မျက်ခုံးမွေးပေါ် စကြံလျှောက်သူများ ၊ ဘယ်သူသေသေ ငတေမာ ပြီးရောဟူသော သဘောဖြင့် လူလည်လုပ်သူများ ၊ ကျားစေဦးလဲများ ၊ လိပ်လို၊ ပေါက်တူးလို ကျင့်သူများ ၊ မိမိကိုယ်မိမိ ထင်တစ်လုံးဖြင့် ထင်နေကြသော ကိုထင်ကြီး မထင်ကြီးများ ၊ ငါးကြီးငါးကောင်းဝါဒသမားများ ၊ အမေကျော်ထွေးတော်လွမ်းသူများ ၊ ပထွေးကို အဖေထင်သူများ ၊ ဇာတ်တူသား စားသူများ ၊ နှမချင်း မစာနာသူများ ၊ သားသမီးချင်း မစာနာသူများ ၊ တစ်ပါးတစ်ယောက်အောင်မြင် ဖြစ်ထွန်းလျှင် မရှုဆိတ်နိုင်သူများ ၊ ဝန်တိုမိစ္ဆာများ သူများ တစ်ပါးသူ ဒုက္ခများမှ စားကောင်းအိပ်ပျော် နေပျော်သူများ စသည် … စသည် … စသည် များ စွာတို့ ၏ စရိုက်ဆိုး အကျင့်ဆိုးများကို ကာယကံရှင်တို့ ၏ အငြိုငြင်ခံကာ ‘မခံနိုင်ရင် အဲသလိုတွေမလုပ်နဲ့ ၊ လုပ်နေရင် သိလာလို့ ကတော့ ဖွင့်ချမှာ ပဲ၊ ရေးပြောမှာ ပဲ၊ မခံနိုင်ရင် လဲသေ’ ဟူသော ဆရာ့မူအတိုင်း အများ အကျိုးဆောင်ကာ ကလောင်ကို ချွန်ထက်စေခဲ့သည် ။

ဝါသနာကို ခုတုံးလုပ်၊ ယုံစားအားကိုးမှုကို ခုတုံးလုပ်၊ အတတ်ပညာကို ခုတုံးလုပ်၊ ရိုးသားမှုကို ခုတုံးလုပ်ကာ ယုတ်ညံ့စွာသော အပြုအမူများ လုပ်ခဲ့သူ၊ လုပ်နေသူ၊ လုပ်ရန်တာစူနေသူ များကိုလည်း အနုဝဏ်ပါမှ တစ်ဆင့် တားမြစ်ပိတ်ဆို့နိုင်ခဲ့သည် ။ နားမလည်သူတို့ ကိုလည်း နားလည် အောင် သွန်သင်နိုင်ခဲ့သည် ။

ရိုးသားသူ၊ ဖြောင့်မတ်သူ၊ ထက်မြက်သူ၊ သွက်လက်သူ၊ ကြိုးသူ ငယ်သူ မည်သူ့ကိုမဟူ အနုဝဏ်ပါတွင် ဂုဏ်ထင်စေခဲ့သည် ။

ရိုင်းစိုင်းသူ၊ ယုတ်မာသူ၊ ကောက်ကျစ်သူ၊ စဉ်းလဲသူ၊ ပက်စက်သူ၊ ရက်စက်သူ၊ ကြီးသူ ငယ်သူ မည်သူ့ကိုမဟူ အနုဝဏ်ပါတွင် စင်တင်၍ ရှုတ်ချသည် ။

ကိုယ့်ပညာကို ကိုယ်တန်ဖိုးမထား၊ ကိုယ့်အနုပညာအပေါ်သစ္စာမရှိ၊ ပညာသည် အချင်းချင်း မနာလိုဝန်တို၊ လိုတစ်မျိုး၊ မလိုတစ်မျိုးပြော၊ မုဒိတာတရား ခေါင်းပါးလွန်းသူများ နှင့် ...

ဟန်သမား၊ အကြံသမား၊ ဉာဏ်သမား၊ ဖျံများ ၊ ဝေလေလေများကိုလည်း အနုဝဏ်ပါတွင် မှုန့်မှုန့်ညက်ညက်ကြေအောင် ကြိတ်ခြေခဲ့သည် ။

အနုဝဏ်ပါဆောင်းပါးစုသည် ကား ဆရာကြီး ဦးသာဓု၏ စူးရှ၊ ရဲရင့် ၊ မြင့်မြတ်၊ သန့်စင်သော အကျိုးဆောင် ကလောင်စွမ်းများ စွာ စာပဒေသာတွင် တစ်ထောင့်တစ်နေရာက အရေးပါအရာရောက် ခဲ့သော စာကောင်းစာမွန်များ ဖြစ်ပါသတည်း။

******

ကျွန်တော်သည် ချယ်ရီမဂ္ဂဇင်းကို ၁၉၈၄ ဩဂုတ်လမှ ၁၉၈၉ နှစ်ဦးပိုင်း လများ ထိသာ တာဝန်ယူနိုင်ခဲ့ပါသည် ။ ကျွန်တော်ရှိနေစဉ် ဆရာကြီး ဦးသာဓု၏ အနုဝဏ်ပါဆောင်းပါးများ စဉ်ဆက်မပြတ်ရေးနေသော်လည်း နောက်ပိုင်းလများ ၌ ဆရာ့ကျန်းမာရေးသည် အခါတိုင်းမှ ကဲ့သို့ ဒေါင်ဒေါင်မမြည်တော့ပါ။ ချူချာလာပါသည် ။ တစ်ခါရောက်လျှင် တစ်မျိုး ညည်းသံကြားရပါသည် ။ ကျွန်တော်တို့ ကို နောက်ပြောင်ဆူ

ဆဲသော အသံများ လည်း တိုးညင်းသွားပါသည် ။ သို့ပြား ...စိတ်မောလူ မော အမောထွေတလာကို မသိကျိုးကျွန်ပြုကာ အနုဝင်္က်ပါအတွင်း ဝဲလ ည်ပတ်ချာ ရှန်းမထွက်သာခဲ့။

မျက်မှန်ထူထူကြီး တပ်ထားရသော်လည်း စာလုံးများကို ပီပီသသ မမြင်ရတော့ဟု ဆရာက ဆိုပါသည် ။ အနုဝင်္က်ပါကလည်း အရှိန်သတ် ၍ မရ။ နိဂုံးမချုပ်နိုင်၊ ကြာသော် မျက်မှန်တပ်လျက် ကပင် မှန်ဘီလူးဝို င်းကြီး တစ်ဖက်က ကိုင်ကာ မှန်ဘီလူးပေါ်မှ ကြည့်ရေးနေသည် ကို စိ တ် မသက်သာစွာ မြင်နေရပါသည် ။ နားနေရန် တားသော်လည်း လက် ကာပြရင်း ရေးခြင်းကို မရပ်။

ထိုအချိန်များ ဆီက ဆရာ့လက်ရေးစာများ သည် စာတစ်လုံးနှင့် တ စ်လုံး အဝေးကြီးဝေးနေပြီ ဖြစ်၏။ သို့သော် စကားအဆက်အစပ်ကား မ လွဲ၊ ဆိုလိုသော အကြောင်းအရာ မပြောင်း၊ ရည်ရွယ် ရင်းက မပျက်ပြ ယ်။ အမှန်တရား လမ်းကြောင်းဘက်မှ မသွေဖည် မပြောင်းလဲခဲ့၊ စာကြောင်း တွေစောင်းနေသော်လည်း ဆရာ့စေတနာက တည့်တည့်ဖြောင့်ဖြောင့်သာတည်း။

ကျွန်တော်သည် ဆရာနှင့် အနေနီးပြီး သားကြီးတစ်ယောက်လို သ ဘောထားခံရသော တပည့်တစ်ဦး ဖြစ်ပါသည် ။ ဆရာ့ကိုလည်း ချစ်ကြောက်ရိုသေခဲ့ပါသည် ။ ဆိုရိုး ပြောရိုးစကားစဉ် အဖြစ် မည်ကာမ တ္တ ရိုသေခြင်းမဟုတ်။ တကယ့်ကို မြတ်နိုးချစ်ကြည်ညိုကာ စိုးရွံ့လန့်ကြောက်ပြီး တန်ဖိုးထား လေးစားကြည်ညိုခဲ့ခြင်းသာ ဖြစ်၏။

ဆရာ့ကို ချစ်ကြောက်ရိုသေသကဲ့သို့ ဆရာ့အနုပညာ ဆရာ့စေတနာ များကိုလည်း မြတ်နိုး လေးစား တန်ဖိုးထားပါသည် ။ ေးမောအားကျဂု ဏ်ယူရပါသည် ။

သို့ဖြင့်ပင် ...

အခြားသော အနုပညာဝါသနာရှင် လူငယ်လူရွယ်များ ၊ အနုပညာပိုးရှထိုးသူများကိုလည်း ဆရာ့စေတနာ၊ ဆရာ့သဘောသဘာဝ၊ ဆရာ့အယူအဆနှင့် ဆရာ့ဝါဒကို လက်လှမ်းမီစေချင်ပါသည် ။ အနုဝက်ပါဆောင်းပါးများ ဖတ်ပြီး သင်ခန်းစာများ ရစေချင်ပါသည် ။ မျက်စိဖွင့်တတ်၊ နားစွင့်တတ် စေချင်ပါသည် ။ ထိုမှ ဆက်၍ မြင်တတ်၊ ကြားတတ်ကာ၊ ထိုးထွင်းဆင်ခြင် သိနားလည်တတ်စေချင် ပါသည် ။ အမြင်ကျယ်အသိကြီး၍ ခရီးတွင် ကြပါစေသတည်း။

**အောင်ပြည့်**

******

(၁)

စင်စစ် အထက်ပါခေါင်းစဉ်သည် အတိုကောက်ဖြစ်လျက် အနုပညာနှင့် ပတ်သက်သမျှသော ရုပ်ထွေးလှသည့် (ဝါ)လမ်းမှားတတ်သည့် ဝက်ပါ၊ မျက်စိလည်တတ်သည့် ဝက်ပါ။

အနုပညာရှင်တို့ မည်သည် သီဆိုခွင့်၊ ကပြခွင့်၊ ရုပ်ရှင်ထဲတွင် သရုပ်ဆောင်ခွင့်ရနေသည့် အခါ ကာလထက် ထိုထို အခွင့်အရေးရရန် ပညာ ဆည်းပူး ကြိုးပမ်းနေရစဉ် အခိုက်အတန့်သည် အလွန့်အလွန် အရေးကြီးလှသည် ။

အနုပညာ။

အမည်ကလေးနှသလောက် ခရီးကားကြမ်းတမ်းလှသည် ။ ရှုပ်ထွေးကွေ့ကောက် လမ်းစပါ ပျောက်သွားတတ်သည် ။

သတိကြီးကြီးထားရမည့် စပ်ကူးမတ်ကူး အချိန်ကာလ။

ယခုအခါ အဆိုသင်တန်း၊ အကသင်တန်း၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်း စသည့် သင်တန်း များ တွင် တက်ရောက်လေ့လာ ဆည်းပူးနေကြသည် မှာ အတော်ကလေး အားရစရာ ကောင်းနေ သည် ။

အချို့သင်တန်းများကို ဆိုင်ရာအနုပညာ အဖွဲ့အစည်းများက ဖွင့်လှစ်သင်ကြားလျက်၊ အချို့ အရပ်သား ဝါသနာရှင်ချင်း စုဝေးကာ သင်တန်းအမည် အမျိုးမျိုး တပ်၍ ဖွင့်ကြသည် ။ အနုပညာ သည် အဖွဲ့

အစည်းချင်း၊ ဝင်ပြိုင်တူသည် ဟု ကန့်ကွက်ကြသည် လည်း ရှိသည် ။ ဆက်လက် လှုပ်ရှား နေကြသည် လည်း ရှိသည် ။ ပြဿနာကား ရှုပ်ထွေးလှသည် ။

ထားတော့။

အရေးကြီးသည် မှာ ဝါသနာအိုးများ သာ ဖြစ်ချေသည် ။

တစ်ခါက စာပေဟောပြောပွဲတွင် ဟောဖူးသလော သို့မဟုတ် ဆောင်းပါးအဖြစ် ရေးမိဖူး သလော မမှတ်မိ ယခုထပ်၍ ဖော်ပြလိုသေးသည် မှာ ...

ရုပ်ရှင်၊ သဘင်၊ ဂီတ မည်သည့် ဘက်တွင် ဝါသနာထုံသည် ဖြစ်စေ၊ မိမိကိုယ်ကို အထပ်ထပ် ဆန်းစစ်ရန် လိုသည် ။ ဥပမာ- အကဝါသနာပါခြင်း၌ အမှန်တကယ် ဝါသနာပါခြင်းလော သို့မဟုတ် အခြားသော ဇာတ်၊ အငြိမ့်မင်းသမီး၊ မင်းသား ကသည် ကို အားကျခြင်းလော ဆိုသည် ကို တိတိ ကျကျ ဆန်းစစ်ရန် လိုသည် ။

သူတစ်ထူး ကျော်ကြားနေသဖြင့် လိုက်၍ ကျော်ကြားလိုခြင်းသည် စစ်မှန်သော ဝါသနာ မဟုတ်။

ဆိုကြပါအံ့ ရုပ်ရှင်မင်းသား၊ မင်းသမီး ရွေးရာတွင် ဝါသနာပါခြင်း၌ နာမည်ကြီးများကဲ့သို့ ကျော်ကြားလိုခြင်း၊ မင်းသမီး၊ မင်းသားသာ ဖြစ်လိုခြင်းဟူသည့် ဝါသနာလော။ ကျရာအခန်းမှ သရုပ်ဆောင်လိုသည့် ဝါသနာလော ဆိုသည် ကို ပထမဆန်းစစ်ရပေချိမ့်မည်။

လူ့သဘာဝကို သာစု မလွန်ဆန်ချင်ပါ။ ကလောင်ကိုင်ခါစ စာရေးဆရာတိုင်းလိုလို နိုင်ငံကျော် စာရေးဆရာကြီး ဖြစ်ချင်သကဲ့သို့ ရုပ်ရှင်ဝါသနာအိုးတိုင်းလည်း မင်းသား၊ မင်းသမီးသာ ဖြစ်လိုကြပေမည်။

သို့တိုင်အောင် မိမိတို့ ကိုယ်တိုင် (မင်းသား၊ မင်းသမီး)ဖြစ်နိုင်၊ မဖြစ်နိုင် မိမိတို့ ၏ ပင်ကို အရည်အသွေးကို မထောက်မညှာ မျက်နှာမလိုက်ဘဲ ဆန်းစစ်ရပေလိမ့်မည်။

မိမိရုပ်ရည်က အံ့ကျော်နှင့် တူနေပါလျက် ညွန့်ဝင်းဖြစ်ချင်၍ မရနိုင်သကဲ့သို့ နဖူး မောက်မောက်နှင့် ပုကွကွ မိန်းကလေးကလည်း သီတာဝင်းတို့ ခိုင်ခင်ဦးတို့ ဖြစ်မလာနိုင်။ သူတို့လို လှမလာနိုင်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်က မိတ္ထီလာမှ မိတ်ဆွေတစ်ယောက် သူ့သမီးကလေးနှင့် အတူ သာဓုထံရောက်လာသည် ။ အကြောင်းကား ကောင်မလေးက အဆိုတော် ဖြစ်ချင်သည် ဆို၍ ။

"ကဲ၊ ပြောစမ်းပါဦး၊ ငါ့တူမက ဘယ်လိုအဆိုတော်မျိုး ဖြစ်ချင်တာလဲ "

"အဆိုတော်အမျိုးသမီးတစ်ဦးတို့ ၊ မမတင်တင်မြတို့လို"

"သြော်၊ သြော်"

သာဓုစဉ်းစားနေစဉ် သူ့ဖခင်က ...

"ဆရာရယ်၊ အဲဒါလေးတော့ ဆောင်ရွက်ပေးပါနော်၊ ခုဆိုသမီးက စာမေးပွဲလဲ တဖုတ်ဖုတ် ကျ၊ အားအားရှိ သီချင်းပဲ ဆိုနေတော့တာပဲ၊ ဒီ့ပြင်ကိစ္စဆို ဘာမှ ခိုင်းလို့ မရဘူး"

"ဟုတ်ပါပြီလေ၊ ကဲ ... တူမ၊ အဆိုတော် အမျိုးသမီးတစ်ဦးဆိုတဲ့ သီချင်းတစ်ပုဒ်လောက် ဆိုပြစမ်းပါ"

အာသွက်လျှာသွက်နှင့် မရှက်မကြောက် ကောက်ကာငင်ကာ တစ်ချိန်က အလွန်ကျော်ကြား ခဲ့သော 'နက်ဖြတ်မှ ဆက်ငိုမယ်'ဟူသည့် အဆိုတော်အမျိုးသမီးတစ်ဦး သီချင်းကို ထိုအဆိုတော်၏ လေယူလေသိမ်းအ

တိုင်း အသံကိုပါတူအောင် တု၍ ဆိုပြရာသည် ။ အပြတ်အသတ်ကွာသည် ။ သူ့ခမျာ အဆိုတော်အမျိုးသမီး တစ်ဦးနှင့် မတူ တူအောင်တု၍ ဆိုနေရသောကြောင့် အတော်ကြီးပင်ပန်းနေ ရှာသည် ။ တူသလော၊ လုံး၀မတူ။ ကောင်းသလော၊ အတော်ကလေး ညံ့နေသည် ။

သူပင်ကိုရှိရင်း မိမွေးတိုင်းဖမွေးတိုင်း အသံနှင့် သီဆိုလျှင် သင့်လေဦးမည်။

သင့်လေဦးမည် ဆိုသည့် တိုင်အောင် အဆိုကျော်တစ်ယောက် ဖြစ်လာရန် အလားအလာ မရှိ။ 'ကျော်' မဆိုထားဘိ။ 'တော်'ပင် မဖြစ်နိုင်။ အဘယ်ကြောင့် ဆိုသော် ထိုကလေးမ အသံနေ အသံထားမမှန် (ကြောင်နေသည် )သို့နှင့် အမှု စည်း၀ါးလည်း ချက်ညီကျအောင် မဆိုနိုင်။

"အဲဒါ ဆရာတို့ ကတော့ ဒီဘက်က အသိမိတ်ဆွေ ပေါပါတယ်နော်၊ သမီးလေး၀ါသနာကို အောင်မြင်အောင် တစ်ယောက်ယောက်ဆီမှာ "

"မလုပ်နဲ့ ၊ မလုပ်နဲ့ ၊ ခင်ဗျားသမီးကိုပြန်ခေါ်သွား၊ ဖြစ်မှာ မဟုတ်ဘူး "

သာခုက အသံနှင့် စည်း၀ါးသဘောတရားကိုရှင်းပြလိုက်ပြီး...

"ကဲ၊ သမီးကလဲ စိတ်ကူးမလွဲနဲ့ ၊ ကျောင်းပညာဖြစ်ဖြစ်၊ စက်ချုပ်ပညာ၊ လက်နှိပ်စက် စသည် ဖြင့်ပေါ့ကွာ၊ ဘယ်ဟာ၀ါသနာပိုပါသလဲ၊ အဲဒါပဲ လေ့လာပေါ့၊ ဟုတ်လား"

ကောင်မလေး မကျေမနပ် စူအောင့်အောင့် ဖြစ်နေသည် ။

"ဥပမာ ဆိုပါတော့ကွယ်၊ ကျောင်းသားတစ်ယောက်က ကျောင်းပြေးပွဲမှာ သူများ တွေနိုင်တာ တံဆိပ်ရတာကို အားကျပြီး ၀င်ပြေးချင်တယ်ဆိုပါတော့၊ အဲဒါ သူက ခြေတစ်ဖက်က ထော့နဲ့ ထော့နဲ့ ဖြစ်နေတယ်၊

ကဲ သူဝင်ပြေးလို့ ဖြစ်ပေါ့မလား"

ကောင်မလေး တွေသွားသည် ။

"ဒါဖြင့် သမီးအသံလဲ ထော့နဲ့ ထော့နဲ့ ဖြစ်နေတယ်ပေါ့၊ ဟုတ်လား ဘဘ"

သာဓုရယ်လိုက်မိသည် ။

"အေး၊ သဘောက ဒီအတိုင်းဖြစ်နေတယ်ကွ၊ သမီးဟာ အသံလဲ သိပ်မရဘူး၊ အဆိုလဲ ဠာန်ကရိုဏ်း မကျဘူး၊ စည်းဝါးလဲ မိတဲ့ အအခါမိ၊ မမိတဲ့ အခါမမိ ဖြစ်နေတော့"

"အဲဒါ ဘဘရယ်၊ လေ့ကျင့်သင်ယူရင်ကော မရဘူးလား"

"မလွယ်ဘူး သမီး၊ အနုပညာဆိုတာ သင်ယူတိုင်း ရတာ မဟုတ်ဘူး ၊ ပါရမီကလိုသေးတယ်၊ ပါရမီ မရှိရင် ဘယ်လိုကြိုးစားပေမဲ့၊ အလကားပဲ၊ မအောင်မြင်နိုင်ဘူး၊ ခုပဲကြည့်လေ၊ သမီးထင်ထင် ရှားရှား အဆိုကျော်ဆိုလို့ သမီးသိသလောက် ဘယ်နှယောက်ရှိသလဲ၊ ဝါသနာရှင်တွေကတော့ ထောင်သောင်းမကဘူး၊ သမီး အပါအဝင်ပေါ့"

ကောင်မလေး စဉ်းစားစပြုလာသည် ။ သာဓုစကားကို လက်ခံလိုသည့် အသွင်ဆောင်လာ သော်လည်း အတိအလင်း လက်ခံချင်ပုံ မပေါ်သေး။

"ကောင်းပြီ၊ ဘဘ တစ်ခုမေးမယ်၊ သမီးတို့ မြို့မှာ ကော အဆိုတော်တို့ တီးဝိုင်းတို့ ရှိတယ် မဟုတ်လား၊ အဲ တစ်ခါဆိုရင် အဆိုတော်အတွက် ဘယ်လောက်ရသလဲ"

"အာ ဘဘကလဲ၊ အပျော်တမ်းပေါ့၊ ပိုက်ဆံဘယ်ရမှာ တုံး"

သာခုစကားကို သူ့ဖခင် အတော်စိတ်ဝင်စားသွားပုံ ရ၏။ သူ့သမီးအဖြေကိုလည်း ကျေနပ် နေ၏။

"ခု သမီးဖေဖေက ဘာအလုပ်လုပ်သလဲ။ ဝင်ငွေ တစ်လဘယ်လောက်ရှိသလဲ"

"သမဝါယမမှာ လုပ်ပါတယ်။ တစ်လ ခုနှစ်ရာ ရှစ်ရာကျပ်လောက်ဝင်မယ်ထင်ပါရဲ့ "

"အဲ၊ အဲဒီဝင်ငွေနဲ့ သမီးတို့ မိသားစုရှစ်ယောက် စားရ သောက်ရတာရယ်၊ ကျောင်းစရိတ် ရယ်၊ စသည် ဖြင့်ပေါ့၊ ခြစ်ခြစ်ခြုတ်ခြုတ် သုံးနေရတယ်ဆိုတာ သမီးသိမှာ ပေါ့"

"ဟုတ်ကဲ့သိပါတယ်"

"ဘာလဲ သိတယ်။ သမီးဖေဖေ သိပ်မချောင်လည်းဘူး။ ဒါထားပါလေ၊ ကဲ သမီးက အဆိုတော်ဖြစ်ချင်တယ်။ အဆိုကျော်မဖြစ်ခင် စပ်ကြားမှာ ဟိုအလှူလိုက်ဆိုရ အလကား၊ ဒီမင်္ဂလာ ဆောင်သွားဆိုပေးရ အလကား၊ ပွဲလမ်းသဘင်ကနေ စင်ပေါ်တက်ဆိုရ အလကား၊ တစ်ပြားမှ မရ"

သူ ခေါင်းငုံ့ ငြိမ်း၏။

"အေး၊ အဲသလို အလကားဆိုပေးရတာ၊ စေတနာ့ဝန်ထမ်းမို့ ကုသိုလ်ရတယ်ပဲထား၊ အဝတ်အစားဖိုးက ကုသိုလ်မရဘူး"

သူ ဆတ်ခနဲ မော်ကြည့်သည် ။

"ဒီရှင်ပြုပွဲမှာ ဝတ်တဲ့ အဝတ်အစားကို တောင်သူလယ်သမားနေ့ သီချင်းဆိုရင်ကော ဒါပဲ ပြန်ဝတ်မလား"

သူတွေနေသည် ။ မဖြေ။

"ဘဘသိတယ်၊ သာမန်ရိုးရိုး အရပ်သူ၊ ကျောင်းသူ အနေနဲ့ တောင်ဒီဘုရားပွဲ ဒီအဝတ်အစား ဝတ်ပြီးရင် နောက် မွေးနေ့ပွဲကျတော့ အသစ်ချုပ်ချင်တာပဲ မဟုတ်လား၊ အေး ၊ အဆိုတော်တို့ ဘာတို့ ဖြစ်လာရင် ပိုဆိုးမယ်၊ အပြိုင်အဆိုင်ကလေးတွေပဲ ရှိလာမယ်"

ကောင်မလေး စဉ်းစားစပြုလာသည် ။

"ဒါပဲကွ၊ ပိုက်ဆံမရတဲ့ အပြင် အိမ်ကမိဘက အဝတ်အစားဖိုး ကုန်ရဦးမယ်၊ တွက်ကြည့်စမ်း၊ မိတ်ကပ်နဲ့ ဆံပင်ပြင်တာ အနည်းဆုံး ၂၅ ကျပ်ထား၊ အဝတ်အစားက တစ်စုံဆိုရင် ခပ်ညံ့ညံ့တောင် နှစ်ရာအောက်မှ မရှိဘူးမဟုတ်လား"

ယခုမှ သူ့အဖေ သာစုမိတ်ဆွေပါ မျက်လုံးဝိုင်းသွားသည် ။

"ဟုတ်ပါတယ်သမီးရယ်၊ ဒီလောက်ငွေ ဖေဖေတို့ လဲ အမြဲမတတ်နိုင်ဘူး၊ ဒီဝါသနာကို သမီး..."

ဤတွင် သာစုကကြားဝင်၍

"အေးလေ ၊ ကောင်းသောဝါသနာဆိုတာကို မတားမြစ်သင့်ဘူးလို့ ဘဘနားလည်တယ်၊ ဒါပေမဲ့ သမီးစဉ်းစား၊ သမီးဟာ အဆိုအတီးဝါသနာပါတာလား၊ အဆိုကျော်ဖြစ်ချင်တာလား၊ နာမည်ကြီးချင်တာလား ဆိုတာတွေရယ်၊ ခုန ဘဘပြောတဲ့ ကုန်ကျမယ့်စရိတ်တွေရယ် သေသေချာချာစဉ်းစား၊ သမီးက ခေတ်ကျောင်းသူပဲလေ၊ အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုး လုပ်မှာ မဟုတ်ပါဘူး နော်"

သူတို့ သမီးအဖ နောက်နေ့မှာ ပင် ပြန်သွားကြသည် ။ နောက်ကောင်မလေး တက္ကသိုလ်မှ ဘွဲ့ရသည် ။ ယခု သူ့ဖခင်နှင့် ဆက်နွယ်နေသော

သမဝါယမတွင် ပင် အလုပ်လုပ်နေချေပြီ။

******

တစ်ကြိမ်ကလည်း (မကြာလှသေး)သာခုတို့ ရပ်ကွက်မှ ကောင်စီလူကြီးတစ်ဦး ရောက်လာ ကာ မော်လမြိုင်မြို့နေ သူ၏ မြေးထံမှ စာတစ်စောင် ထုတ်ပြသည် ။

အတိုချုပ်မှာ ထိုလူငယ် စာရေး ဆက်သွယ်ထားသော ရန်ကုန်ရှိ ရုပ်ရှင် ဝါသနာအိုး အဖွဲ့အစည်းမှ သူ့အား သရုပ်ဆောင်နိုင်ခွင့် (အဆင့်)သို့ ရွေးချယ်လိုက်ပြီဖြစ်၍ စီစဉ်ဆောင်ရွက်ရေး ကုန်ကျစရိတ် ဓာတ်ကား(၅)ထုပ်အတွက် ငွေတစ်ထောင်ပေးပို့ရန် မှာ ကြားသောစာ ဖြစ်၏။

"ငွေပို့ပြီးပြီလား"

သာခုစိုးရိမ်တကြီး မေးလိုက်ရ၏။

"ဟင့်အင်း၊ ဘိုးဘိုးက စိုက်ပို့ပေးပါ ဆိုပြီး  စာထဲပါတဲ့ အတိုင်းပေ့ါ၊ ဒါမှ မဟုတ် သူလိုက်လာမယ်တဲ့ ၊ တယ်လီဖုန်းလဲ ဆက်တယ်ဗျာ၊

"မပို့နဲ့ ၊ တစ်ပြားမှ မပို့နဲ့ ၊ ခင်ဗျားမြေးကိုလဲ အကြောင်းပြန်လိုက်၊ ဒီကောင်တွေ ငွေလိမ်စားမယ့် အကောင်တွေလို့ "

သာခုက တိုတိုနှင့် ပင် တိခနဲ ဖျက်လိုက်ရ၏။ ထိုထိုသော (ရုပ်ရှင်လောကထဲမှ မဟုတ်သေး) ရုပ်ရှင်သရုပ်ဆောင်အသိုင်းအဝန်း၊ အဖွဲ့အစည်း၊ အင်အားစု စသည် ဖြင့် လိမ်စားနေသူ အတော်များ များ ရှိနေသည် ။

ယင်းမထင်မရှား အဖွဲ့အစည်းမဆိုထားဘိ၊ ထင်ထင်ရှားရှား ရုပ်ရှင်ဒါရိုက်တာတို့ ပင်လျှင်။

"မင်းသား တင်ရိုက်ပေးမယ်၊ မင်းသမီး ဒုတိယခေါင်းဆောင် ဖြစ်စေရမယ်၊ ငွေ ဘယ်လောက်ထည့်ပါ"

စသည် ဖြင့် ငွေတစ်သောင်းမှ ငါးသောင်းအထိ လိမ်စားထားသောကြောင့် ရုပ်ရှင်ကောင်စီမှ ကြားဝင်ဖြေရှင်းပေးနေရသည့် ပြဿနာများ လည်း ရှိနေသည် ။ မင်းသမီးသစ် တစ်ယောက် ငွေသုံးသောင်းပေးရပြီး ဖလင်တစ်ပေမျှမရိုက်လိုက်ရဘဲ ဇာတ်ကားပြီးစီးသွားသည့် အဖြစ်လည်း ရှိနေ သည် ။

အချို့လည်း ရှိသေးသည် ။ အနုပညာစာစောင်ထုတ်ရန်ဟု အကြောင်းပြလျက် ဝါသနာရှင် တို့ ထံမှ တစ်ဦးလျှင် ၅ဝ ကျပ်၊ ၁ဝဝ ကျပ် စသည် ဖြင့် ငွေများကောက်ခံသည် ။ ငွေလေးငါးထောင် ရသည် ။ တစ်နှစ်လည်း စာစောင်ပေါ်မလာ၊ နောက်တစ်နှစ်လည်း ပေါ်မလာ သုံးလေးငါးနှစ်သာ ကြာညောင်းသွားသည် ။ စာစောင်လည်း ပျောက်၊ ငွေလည်း ပျောက်သွားချေလေတော့သည် ။

အနုပညာဝင်္ကပါထဲ ဝင်မိလျက် ထိုနည်းနှင်နှင် လမ်းစပျောက်တတ်သည် ။ ငွေပျောက်သည် မှာ အကြောင်းမဟုတ်။

အနုပညာ အဖွဲ့အစည်းအမည်ခံလျက် ယုတ်မာနေသူ အတော်များများ ရှိနေသည် ။

အနုပညာသင်တန်းသားများ ထံမှ ငွေယူသည် ။ အဝတ်အစား ဝယ်ခိုင်းသည် ။ ဟိုတယ်တွင် စားပွဲသောက်ပွဲ လုပ်ခိုင်းသည် ။ ကျွေးမွေးခိုင်းသည် ။ တစ်နေ့တွင် ထိပ်တန်းသို့ရောက်စေရမည်ဟု မျှော်လင့်ချက်တစ်ထမ်းကြီးပေးထားသည် ။

ပို၍ ကဲ၍ ယုတ်မာသည် ကား။

သင်တန်းသူ ဝါသနာရှင် အမျိုးသမီးကလေးများအား ခြေတော်တင်သည့် ကိစ္စ ဖြစ်ချေသည် ။

နေ့ချင်းညချင်း ထိပ်သီးအဆိုကျော်၊ အကထိပ်ခေါင်ထင်၊ ပွဲဦးထွက်ခေါင်းဆောင် မင်းသမီး ဖြစ်တော့မလောက် အပင့်အမြှောက် အာမခံချက်များ ၊ ဗန်းပြကာ နှမချင်းမစာနာသည့် အပြုအမူများ ဖြင့် ယုတ်မာနေကြသည် လည်း ရှိသည် ။ သင်တန်းသူ သင်တန်းသားများ ချင်းတွင် သတင်းမွှေးနေ ခဲ့ပြီးဖြစ်၍ အထူးပြောစရာမလို။ ဆိုင်ရာအဖွဲ့အစည်းတို့ ပါးစပ်တွင် ပုံ့နှံ့နေပြီးဖြစ်၍ တထူးတထွေ သက်သေတူရန်မလို။

အထက်တွင် သာခုရေးခဲ့သော မိတ္ထီလာမှ ကောင်မလေးသည် သာအတွေးအခေါ် အမြော်အမြင် သဘောမပေါက်ခဲ့သော် ... ယခုလောက် ရှိလျှင် အဆိုကျော်လည်း မဖြစ်။ တက္ကသိုလ် ပညာ လည်း မတတ်။ လမ်းခုလတ်တွင် အဘယ်ထိ ဒုက္ခရောက်နေမည်ကို တွေးချင်ကြစေချင်၏။

အနုပညာနှင့် ပတ်သက်၍ ဝါသနာပါခြင်းကို သာခု အားပေးသည် ။ တတ်နိုင်သမျှ မြေတောင်မြှောက်ပေးသည် ။ သို့သော် ... ပါရမီ ရှိမရှိ၊ ဗီဇ ပါမပါ၊ သာခု ပထမ လေ့လာသည် ။ ဖြစ်နိုင်ရန် လုံးဝအကြောင်းမရှိလျှင်ကား...။

"အေး၊ ဒီတစ်သက် မင်းသား မင်းသမီးဝေးလို့ ဇာတ်ရံကောင်းတောင် မဖြစ်နိုင်ဘူး၊ ပြန်တော့"

သို့လျှင် ဘွင်းဘွင်းရှင်းရှင်းပြောချတတ်သည် ၊ အားနားပါးနာ ရေလိုက်ငါးလိုက် ပြောလျှင် မျှော်လင့်ချက်ပေးထားရာရောက်မည်။ ဤလိုကိ

စွဲ၍ ဤလိုမပြတ်သားသော အလုပ် သာစု မလုပ် တတ်။

အချို့ ငွေထုပ်ပိုက်လျက် ရောက်လာတတ်ကြသေးသည် ။

"ငွေ လေး ငါးသောင်း ရှုံးချင်ရှုံးပါစေတော့ ဆရာ၊ ပိတ်ကားပေါ် ပါရရင် တော်ပါပြီ"

"အေး၊ မင်းတို့ လေး ငါးသောင်း အရှုံခံနိုင်ပေမဲ့ ဆရာ့နာမည်တော့ အဆုံးမခံနိုင်ဘူးကွ၊ ဒီပိုက်ဆံနဲ့ အလုပ်တစ်ခုခုလုပ်၊ ဆယ်နှစ်စားမကုန်ဘူး၊ မဖြစ်နိုင်တာကို မလုပ်ချင်ကြနဲ့ ကွာ၊ အဲ သူများ ဆီလဲ မသွားနဲ့ ၊ မင်းတို့လို လူစားတွေကို ရုပ်ရှင်သမားတွေ မျှော်နေကြတယ်နော၊ အပိုင်စီးကြ မလို့ ၊ ဒါပဲ၊ သွားကြတော့"

ထိုထိုဤဤ အနီးနီးသော အနုပညာ ဝါသနာအိုးတို့ သည် ငွေနှင့် ပေးအပ်လျှင် (ဝါ) ဖန်တီးယူတတ်လျှင် သူတို့လိုချင်သော၊ တတ်ချင်သော၊ တောင့်တသော အနုပညာရှင်တစ်ယောက် ဖြစ်လာလိမ့်မည်ဟု ထင်နေကြသည် ။

သို့သော် အနုပညာသည် တစ်ဦး ဖြစ်လာရန်မှာ မူ သေမတတ်ကြိုးစားသည် ပင်ဖြစ်စေ ထွန်းပေါက်လာရန် မလွယ်ကူ...။

ရုပ်ရှင်လောကတွင် ရှုပါ၊ ခေါင်းဆောင်အဖြစ် ရုပ်ရှင်တစ်ကား ရိုက်ပြီးနောက် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသူ အမြောက်အမြားရှိနေသည် ကို သတိထားမိလျှင် သိကြချိမ့်မည်။

အဘယ်ကြောင့် မအောင်မြင်သနည်း။ သရုပ်ဆောင် ပီပြင်ခြင်း၊ သဘာဝကျခြင်း မရှိသော ကြောင့် အဘယ်ကြောင့် သဘာဝမျကမပီပြင်ပါသနည်း။ ပါရမီမရှိသောကြောင့် ။

ဤတွင် အနုပညာသည် ငွေနှင့် စက်၍ မရနိုင်သည် ထက် ပါရမီကို

မည်သို့မျှဖန်တီး၍ မရနိုင်။ ပို၍ ခက်ခဲလှသည် ။

ဤကိစ္စ ရှင်းပြလျှင် တော်ရုံနှင့် ပြီးမည်မဟုတ်။ စာမျက်နှာ အများအပြား လိုလိမ့်မည်။ နောင်အလျဉ်းသင့်က ရေးပါဦးအံ့။

လောလော၌ စောစောက စကားစပြတ်သွားသည် ကိုဆက်ရသော်...။

(၁)အနုပညာ သင်တန်းဆရာ ဆိုသူတို့ က တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ဟိုခေါ်၊ သည် ခေါ်၊ ချိန်းဆိုကောင်း၊ ချိန်းဆိုလာလိမ့်မည်။ သတိကြီးကြီးထား။

(၂) အမျိုးသားဆိုလျှင် ငွေအန္တရာယ်ရှိပြီး အမျိုးသမီးဆိုက လူပါအန္တရာယ်ရှိသည် ။

(၃) ထိုအကြောင်း၊ ဤအကြောင်းပြ၍ ဥပမာ၊ စာစောင်ထုတ်ရန် ဟူ၍ လည်းကောင်း၊ စုပေါင်းအလုပ်လုပ်ရန်ဟူ၍ လည်းကောင်း ငွေများအပုံကျထည့်ပါဟု ဆွယ်ကောင်း ဆွယ်ကြ လိမ့်မည်။ သတိကြီးကြီးထား ။

ဤလိုလူစားများ သည် လိမ်ညာစားတတ်သည် က လွဲ၍ ပြောင်မြောက်သော အနုပညာရှင် များ ဖြစ်အောင် ဆောင်ရွက်ပေးနိုင်သူများ မဟုတ်။

စေတနာရိုးဖြင့် သင်ကြားပေးသူတို့ သည် လည်း ဤလို လိမ်ညာမစားတတ်၊ မညစ်ပတ်၊ မယုတ်မာ။

**(၃-၈-၈၄)စက်တင်ဘာ ၈၄**

******